# | လေဆိပ်တွင် ထုတ်ယူသည့် နည်းလမ်း |

ပြည်ထွက်ခွင့်ကာလ ပြည့်မီခြင်း အာမခံအား ခံစားခွင့်ရှိသည့်နိုင်ငံခြားလုပ်သားများသည် အကြောင်းအမျိုးမျိုး ကြောင့် မိခင်နိုင်ငံသို့ ပြန်ရမည့် အခြေအနေများတွင်၊ လေဆိပ်ရှိ ပြည်ပထွက်ခွင့် လုပ်ငန်းဆောင်တာများ ပြီး မြောက်ပါက အာမခံကြေးငွေအား လိုအပ်သည့် ငွေအမျိုးအစားကို ပြောင်းလဲကာ ပေးအပ်သော စနစ်ဖြစ်သည်။

**လေဆိပ်တွင် ထုတ်ယူစဉ် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာ အဆင့်ဆင့်**




① အာမခံကြေး လျှောက်ထား
② အာမခံကြေး ပေးချေရန် စာရွက်စာတမ်း ထုတ်ပေး
③ အာမခံကြေး ပေးချေရန် စာရွက်စာတမ်း တင်ပြ
④ အာမခံကြေး ချလံ ရယူ
(နိုင်ငံခြားငွေ လွှဲလှယ်ထားကြောင်း အသိပေး ကြေငြာ)
⑤ မိမိလိုအပ်သော ငွေအမျိုးအစား လဲလှယ်

## 1. လိုအပ်သော စာရွက်စာတမ်းများ

- အာမခံငွေကြေးလျှောက်လွှာ၊ သက်သေခံလက်မှတ်(နိုင်ငံကူးလက်မှတ် သို့မဟုတ် နိုင်ငံခြားသား မှတ်ပုံတင်ကဒ်)

## 2. လျှောက်ထားရမည့် နည်းလမ်း

- အာမခံငွေကြေးလျှောက်ထားချိန်တွင် 「 လေဆိပ်တွင် ထုတ်ယူမည့် နည်းလမ်း」 အား ရွေးချယ်ပါ။
  - မိခင်နိုင်ငံသို့ မပြန်မီ ၁လအလိုမှ စတင်ကာ လျှောက်ထားနိုင်သည်။
- အကယ်၍ လေဆိပ်တွင် မထုတ်ယူလိုက်ရမည့် အဖြစ်မျိုးအား ကာကွယ်ရန် ကိုရီးယားတွင် မိမိအမည်ဖြင့် ပြုလုပ်ထားသော ဘဏ်စာအုပ်နှင့် ပြည်ပရှိ မိမိအမည်ပေါက် ဘဏ်အကောင့် နံပါတ်အား ဖြည့်စွက်ပါ။



MYANMAR

## 3. လျှောက်ထားရမည့် သူများ

**လျှောက်ထားရမည့် သူမှာ** လုပ်သက်စေ့၍သော်လည်ကောင်း ၁လအတွင်း မိခင်နိုင်ငံသို့ ပြန်မည့် ပြည်ထွက်ခွင့်ကာလ ပြည့်မှီခြင်း အာမခံရှိသော၊ အာမခံငွေကြေးအား လေဆိပ်တွင် ထုတ်ယူမည့် နည်းလမ်း အား ရွေးချယ်ခဲ့သော နိုင်ငံခြားလုပ်သားဖြစ်ရမည်။

**လျှောက်ထားရမည့် အချိန်နှင့် နည်းလမ်း** မိခင်နိုင်ငံသို့ မပြန်မီ ၁လအလိုမှ စတင်ကာ ပြန်မည့်နေ့ မတိုင်ခင် ၁ရက်အလိုနေ့အထိ တွက်ချက်ထားသော အာမခံကြေးအား လျှောက်ထားတောင်းဆိုနိုင်သည်။

- ဆမ်ဆောင်း အာမခံကုမ္ပဏီပေါင်းချုပ် သို့မဟုတ် အခြားသော အာမခံကုမ္ပဏီ ၅ခု(ဆမ်ဆောင်း၊ ဟယောင်းဒယ်၊ LIG၊ ဒုံဘူ၊ ဟန်းဟွာ)၏ အကူအညီပေးရေးစင်တာတွင် လေဆိပ်တွင် ထုတ်ယူမည့် နည်းလမ်းအား ရွေးချယ်ကာ လျှောက်ထားရမည်။
- ထိုကဲ့သို့ လျှောက်ထားရာတွင် လေယာဉ်ခရီးစဉ် ဖျက်သိမ်းခြင်း စသည့် ခန့်မှန်း၍ မရသော အခြေအနေများ တွက် မိမိအမည်ဖြင့် ပြုလုပ်ထားသော ဘဏ်အကောင့် နံပါတ်အား တပါတည်း ဖြည့်စွက်ရမည်။

**လေဆိပ်ရှိ ငွေလဲလှယ်ပေးခြင်း ဌာန ဝန်ဆောင်မှုပေးချိန်**

- ပြန်မည့်ရက်သည် စနေ၊တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက် ဖြစ်ပါကလည်း ဝန်ဆောင်မှုရရှိမည်။
- ရုံးချိန်ပြင်ပ ဖြစ်ပါကလည်း ဝန်ဆောင်မှု ရရှိမည်။
- လေဆိပ်သာမန်နေရာ(06:00 ~ 20:00) ၊ အကောက်ခွန်ကင်းမဲ့ဇုန်(Duty Free) (06:30 ~ 21:00)

## 4. အာမခံငွေ ထုတ်ယူရမည့် နည်းလမ်း

① အာမခံငွေကြေးလျှောက်လွှာ(လေဆိပ်တွင် ထုတ်ယူမည်ဟု ဖြည့်စွက်ထားသော) နှင့် အာမခံကြေး ပေးချေရန် စာရွက်စာတမ်း : ဆမ်ဆောင်း အာမခံကုမ္ပဏီပေါင်းချုပ် နှင့် အခြားသော အာမခံကုမ္ပဏီ ၁၆ခု

ဝန်ဆောင်မှုပေးချိန် : 09:00 ~ 18:00 ၊ စနေ၊တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်တွင် ဝန်ဆောင်မှု မပေးပါ။

② ပြန်မည့်ရက် လေဆိပ်(အင်းချွန်း ၊ ကင်ဖို၊ ကင်မ်ဟဲ)ရှိ ငွေလဲလှယ်ရေး ဌာန(KB ၊ ရှင်းဟန်း ၊ KEB ၊ အူရီဘဏ်)တို့တွင် အာမခံကြေး ပေးချေရန် စာရွက်စာတမ်း(နိုင်ငံကူးလက်မှတ်နှင့် လေယာဉ်လက်မှတ် အပါအဝင်)တို့ကို ပြသကာ အာမခံကြေး ချလံလက်မှတ်ကို ထုတ်ယူပါ။

ဝန်ဆောင်မှုပေးချိန် 06:30~20:00 ၊ ပိတ်ရက်မရှိ

③ လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးကောင်တာအား ဖြတ်ကျော်ပြီးပါက အကောက်ခွန်ကင်းမဲ့ဇုန်းအတွင်းရှိ သက်ဆိုင်ရာဘဏ်၏ ငွေလဲလှယ်ရေး ဌာနတွင် ငွေထုတ်ချလံလက်မှတ်နှင့် နိုင်ငံကူးလက်မှတ်တို့အား ပြသ ပြီးလျှင် မိမိလိုအပ်သော ငွေအမျိုးအစားအား ထုတ်ယူနိုင်သည်။

ဝန်ဆောင်မှုပေးချိန် 06:30~21:00 ၊ ပိတ်ရက်မရှိ

## 5. လုပ်ငန်းဆောင်တာ အဆင့်ဆင

### အင်းချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်

| | | |
|---|---|---|
| 1 | ပြည်ထွက်ခွင့်ကာလ ပြည့်မီခြင်း အာမခံကြေး လျှောက်ထားခြင်း (ဆမ်ဆောင်း အာမခံ ကုမ္ပဏီပေါင်းချုပ် သို့မဟုတ် အခြားသော အာမခံကုမ္ပဏီ ၁၆ခု) | အာမခံငွေကြေးလျှောက်ထားချိန်တွင် "လေဆိပ်တွင် ထုတ်ယူမည့် နည်းလမ်း" အား ရွေးချယ်ခြင်း |
| 2 | အာမခံငွေကြေး ထုတ်ပေးရန် ဆုံးဖြတ် | အာမခံကြေး ပေးချေရန် စာရွက်စာတမ်း ထုတ်ပေး |
| 3 | ၃လွှာ လေယာဉ်စီးရန် နေရာရှိ ငွေလဲလှယ်ရေး ဌာန (အင်းချွန်းလေဆိပ် : KB ၊ ရှင်းဟန်း ၊ KEB) | အာမခံကြေး ချလံလက်မှတ် ထုတ်ယူ အမေရိကန်ဒေါ်လာ ၁သောင်းကျော်လွန်ပါက နိုင်ငံခြားငွေ လဲလှယ်ထားကြောင်း အသိပေး ကြေငြာခြင်း(Declaration of Foreign Exchange) ပြုလုပ် |
| 4 | ၃လွှာ ပြည်ပထွက်ခွင့် စစ်ဆေးရေးကောင်တာ (ဥပဒေဌာန) | ခရီးဆောင်အိတ်နှင့် ယူဆောင်သွားမည့် ပစ္စည်းများအား စီစစ်ကာ အကောက် ခွန်ဌာနတွင် တိုင်ကြား ကြေငြာစရာ များရှိပါက လုပ်ဆောင်ရန် (နိုင်ငံခြားသား မှတ်ပုံတင်ကဒ်ပြား အပ်နှံရန်) |
| 5 | ၃လွှာ အကောက်ခွန်ကင်းမဲ့ဖုန် (Duty Free)အတွင်းရှိ (အင်းချွန်းလေဆိပ် : KB ၊ ရှင်းဟန်း ၊ KEB) | Gate No. 29, 25, 43တွင် ရှိသော သက်ဆိုင်ရာ ဘဏ်များရှိ ငွေလဲလှယ် ပေးခြင်း ဌာနတွင် အာမခံငွေ ထုတ်ယူ |
| 6 | မိခင်နိုင်ငံသို့ ပြန်ခြင်း | လေယာဉ်ပေါ်သို့ တက်ကာ မိခင်နိုင်ငံသို့ ပြန်ခြင်း |

### လဲလှယ်နိုင်သည့် ငွေအမျိုးအစားများ

အမေရိကန် ဒေါ်လာ(USD), ဂျပန် ယန်းငွေ(JPY), တရုတ် ယွမ်ငွေ(CNY), ယူရို(EUR), ကနေဒါ ဒေါ်လာ (CAD), နော်ဝေး ခရိုနယ်(NOK), ဒိန်းမတ် ခရိုနယ် (DKK), အင်္ဂလန် ပေါင်(GBP), ဆွီဒင် ခရိုနာ(SEK), ဆွစ်ဇာလန် ဖရန့်(စ်)(CHK), မလေးရှား ရင်းဂစ်(MYR), စင်္ကာပူ ဒေါ်လာ (SGD), အင်ဒိုနီးရှား ရူပီယား(ဒ်)(IDR), ထိုင်း ဘတ်ငွေ(THB), ဟောင်ကောင် ဒေါ်လာ (HKD), ထိုင်ဝမ် ဒေါ်လာ (TWD), ဖိလစ်ပိုင် ပီဆို(PHP), ဩစတေးလျ ဒေါ်လာ (AUD), နယူးဇီလန် ဒေါ်လာ (NZD)

## 6. သတိပြုရမည့် အချက်များ

- ပြည်ထွက်ခွင့်ကာလ ပြည့်မှီခြင်း အာမခံကြေးအား အကောက်ခွန်ကင်းမဲ့ဖုန်တွင်ရှိသော သက်ဆိုင်ရာ ဘဏ်များတွင်သာ ထုတ်ယူနိုင်သည်။
- အာမခံကြေး လဲလှယ်ရာတွင် လိုအပ်သော အချိန် (၁၅မိနစ်မှ ၃၀မိနစ်ခန့်)အား ကြိုတင်တွက်ချက်ကာ လေဆိပ်သို့ ကြိုတင်အရောက်လာပါ။
- ပြည်ထွက်ခွင့်ကာလ ပြည့်မှီခြင်း အာမခံကြေး အပါအဝင် ယူဆောင်လာသော ငွေပမာဏသည် အမေရိကန်ဒေါ်လာ တစ်သောင်းနှင့် အထက်ကျော်လွန်ပါက အကောက်ခွန်ဌာနတွင် ကြေငြာရမည်။
  - အမေရိကန်ဒေါ်လာ တစ်သောင်းနှင့် အထက်အား လဲလှယ်ပါက နိုင်ငံခြားငွေ လဲလှယ်ထားကြောင်း အသိပေး ကြေငြာခြင်း(Declaration of Foreign Exchange) ပြုလုပ်ကော ထောက်ခံစာ ရယူရမည်။
  - လေဆိပ်ရှိ ငွေလဲလှယ်ရေး ဌာနမှ ထုတ်ပေးသော လဲလှယ်ပါက နိုင်ငံခြားငွေ လဲလှယ်ထားကြောင်း အသိပေး ကြေငြာခြင်း(Declaration of Foreign Exchange) စာရွက်စာတမ်း နှင့် ငွေပမာဏအား အကောက်ခွန် အရာရှိထံ ပြသပြီးမှသာ ပြည်ထွက်ခွင့်ရှိမည်။
- လေဆိပ်ရှိ ပြည်ပထွက်ခွင့် လုပ်ငန်းဆောင်တာများ ပြီးဆုံးပါက ထွက်ခွါမည့် ရက်၏ 21:00နာရီအထိ အကောက် ခွန်ကင်းမဲ့ဖုန် အတွင်းရှိ သက်ဆိုင်ရာဘဏ်၏ ငွေလဲလှယ်ပေးရေး ဌာနတွင် ပြည်ထွက်ခွင့်ကာလ ပြည့်မှီခြင်း အာမခံကြေးအား ထုတ်ယူပါ။
- အာမခံငွေကြေးလျှောက်ထားစဉ် လေဆိပ်တွင် ထုတ်ယူမည်ဟု ဖြည့်စွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုး ကြောင့် မထုတ်ယူခဲ့ပါက အာမခံကြေးလျှောက်ထားစဉ် ဖြည့်စွက်ခဲ့သော ဘဏ်အကောင့်အတွင်းသို့ ငွေလွှဲပေး မည်ဖြစ်သည်။

## 7. သက်ဆိုင်ရာ လေဆိပ်ရှိ ငွေလဲလှယ်နိုင်သော ဌာနများ

### အင်းချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်

| လေဆိပ်အမည် | ဘဏ်အမည် | လေဆိပ်သာမန်နေရာ (06:00 ~ 20:00) | အကောက်ခွန်ကင်းမဲ့ဇုန်(Duty Free) (06:30 ~ 21:00) |
|---|---|---|---|
| အင်းချွန်း | ရှင်းဟန်းဘဏ် | ၃လွှာ လေယာဉ်စီးရန် နေရာရှိ<br>Check-In ကောင်တာ အမှတ် L(ထွက်ပေါက် အမှတ် ၄) | ၃လွှာ အကောက်ခွန်ကင်းမဲ့ဇုန် Gate - 29 |
| | | T. 032-743-5138 | T. 032-743-5136 |
| | KEBဘဏ် | ၃လွှာ လေယာဉ်စီးရန် နေရာရှိ<br>Check-In ကောင်တာ အမှတ် J(ထွက်ပေါက် အမှတ် ၁၄) | ၃လွှာ အကောက်ခွန်ကင်းမဲ့ဇုန် Gate - 25 |
| | | T. 032-743-2225 | T. 032-743-2226 |
| | KB ဂုမင်းဘဏ် | ၃လွှာ လေယာဉ်စီးရန် နေရာရှိ<br>Check-In ကောင်တာ အမှတ် B(ထွက်ပေါက် အမှတ် ၁) | ၃လွှာ အကောက်ခွန်ကင်းမဲ့ဇုန် Gate - 43 |
| | | T. 032-743-2684~5 | T. 032-743-2684~5 |

### ကင်ဖိုအပြည်ပြည်ဆိုင်ရာလေဆိပ်

| ဘဏ်အမည် | လေဆိပ်သာမန်နေရာ | အကောက်ခွန်ကင်းမဲ့ဇုန်(Duty Free) |
|---|---|---|
| အူရီဘဏ် | ၂လွှာ ဂိတ်နံပါတ် ၂ | ၃လွှာ  အကောက်ခွန်ကင်းမဲ့ဇုန် Gate - 36 |
| | T. 02-2667-0236 (လိုင်းခွဲ 621, 622) | T. 02-2667-0236 (လိုင်းခွဲ 631) |

### ကင်မ်ဟဲအပြည်ပြည်ဆိုင်ရာလေဆိပ်

| ဘဏ်အမည် | လေဆိပ်သာမန်နေရာ | အကောက်ခွန်ကင်းမဲ့ဇုန်(Duty Free) |
|---|---|---|
| KEBဘဏ် | ၁လွှာ ဂိတ်နံပါတ် ၁ | ၂လွှာ  အကောက်ခွန်ကင်းမဲ့ဇုန် |
| | T. 051-973-9845 | T. 051-973-9845 (လိုင်းခွဲ 115) |

## ၈. သက်ဆိုင်ရာ လေဆိပ်ပြ မြေပုံ

### အင်းချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မြေပုံ



## ကင်မ်ဟဲအပြည်ပြည်ဆိုင်ရာလေဆိပ်မြေပုံ




## ကင်ဖိုအပြည်ပြည်ဆိုင်ရာလေဆိပ်



# | နိုင်ငံခြားငွေလွှဲခြင်း ဝန်ဆောင်မှု |

၂၀၁၄၊၇၊၂၉ရက်နေ့မှ စ၍ ပြည်ထွက်ခွင့်ကာလ ပြည့်မှီခြင်း အာမခံကို လျှောက်ထားသော နိုင်ငံခြားလုပ်သားသည် အာမခံကြေးငွေအား ကိုရီးယားနိုင်ငံမှ ထွက်ခွာပြီးမှသာ ရရှိနိုင်မည်ဖြစ်သည်။

- ထို့ကြောင့် ကိုရီးယားနိုင်ငံရှိ ဘဏ်များမှ တဆင့် သက်သာထိရောက် လုံခြုံစွာ ငွေလွှဲနိုင်မည့် နည်းလမ်းများအား ဖော်ထုတ်ခဲ့သည်။

## 1. နိုင်ငံခြားသို့ ငွေလွှဲခြင်း နည်းလမ်း

နိုင်ငံခြားလုပ်သားသည် အာမခံငွေကြေးလျှောက်ထားချိန်တွင် အောက်ဖော်ပြပါ ငွေလွှဲခြင်း နည်းလမ်း၃ခုအနက်မှ မိမိ ဆောင်ရွက်လိုသည့် နည်းလမ်းအား ရွေးချယ်ရမည်။

- အာမခံကုမ္ပဏီသည် နိုင်ငံခြားလုပ်သား ရွေးချယ်ခဲ့သည့် နည်းလမ်းဖြင့် ငွေလွဲပေးမည်ဖြစ်သည်။

| ကဏ္ဍ | | ငွေလွှဲခြင်း နည်းလမ်း |
|---|---|---|
| မိခင်နိုင်ငံ ပြန်ရောက်ပြီး ထုတ်ယူ | ① မိမိ၏ နိုင်ငံတကာ ဘဏ်အကောင့် | မြန်မာနိုင်ငံရှိ မိမိပိုင်ဆိုင်သော ဘဏ်ကောင့်သို့ ငွေလွှဲခြင်း |
| | ② မြန်မာနိုင်ငံရှိ ဘဏ်သို့ တိုက်ရိုက် ငွေလွှဲခြင်း<br>* မိမိပိုင် နိုင်ငံတကာ ဘဏ်အကောင့် မရှိပါက | အာမခံကြေးလျှောက်ထားစဉ် ဘဏ်မှ အသိပေးထားသော လျို့ဝှက်နံပါတ်ဖြင့် မိခင်နိုင်ငံသို့ ပြန်ရောက်လျှင် သတ်မှတ်ထားသော ဘဏ်တွင် ကာယကံရှင်ကိုယ်တိုင် ထုတ်ယူရမည်။ |
| | ③ အခြားသော အပြည်ပြည်ဆိုင်ရာ ဘဏ်ကောင့်<br>* မိမိပိုင် နိုင်ငံတကာ ဘဏ်အကောင့် မရှိပါက | မိမိနှင့် ပက်သက်မှုရှိသော (မိသားစု၊ မိတ်ဆွေ) သူ၏ အပြည်ပြည်ဆိုင်ရာ ဘဏ်ကောင့်ထဲသို့ ငွေလွှဲခြင်း |

### အာမခံငွေရယူခြင်းနှင့် သက်ဆိုင်သော အခွန်အခ

(1$လျှင် 1,000 ဝမ်, 3,000$ လွှဲလျှင်)

| ကဏ္ဍ | နိုင်ငံခြားသို့ ငွေလွှဲခြင်း | | | လေဆိပ်တွင် ထုတ်ယူခြင်း | | |
|---|---|---|---|---|---|---|
| ငွေလွှဲခြင်း နည်းလမ်း | ① မိမိပိုင် နိုင်ငံတကာ ဘဏ်အကောင့်သို့ ငွေလွှဲခြင်း | ② မြန်မာနိုင်ငံရှိ ဘဏ်သို့ တိုက်ရိုက်ငွေလွှဲခြင်း | ③ အခြားသော အပြည်ပြည်ဆိုင်ရာ ဘဏ်ကောင့် | လေဆိပ်တွင် ငွေသားဖြင့် ရယူခြင်း | | |
| နိုင်ငံတကာ ဘဏ် အကောင့် | လိုအပ် | မလိုအပ် | လိုအပ် | | | |
| ငွေလွှဲသူ | အာမခံကုမ္ပဏီ | အာမခံကုမ္ပဏီ | ကာယကံရှင် | အင်းချွန်း လေဆိပ | ကင်ဖို လေဆိပ် | ကင်မ်ဟဲ လေဆိပ် |
| ငွေလက်ခံသူ | ကာယကံရှင် | ကာယကံရှင် | မိမိလွှဲလိုသည့်သ | | | |
| ဘဏ်အမည် | KEB ၊ အူရီဘဏ် ရှင်းဟန် ၊၊ KB | အူရီဘဏ် ၊ KB | KEB ၊ အူရီဘဏ် ရှင်းဟန်း ၊ KB | ရှင်းဟန်း ၊ KEB ၊ KB | အူရီဘဏ | KEB |
| ငွေလွှဲခ | 22,000 ဝမ် (ငွေလဲခြင်းနှင့် ငွေလွှဲခြင်း ဝန်ဆောင်ခ ၊ ကြေးနန်းခ) | | | 30,000 ဝမ် (ငွေလွှဲခြင်း ဝန်ဆောင်ခ ) | | |

## 2. လိုအပ်သော စာရွက်စာတမ်းများ

အာမခံကို လျှောက်လွှာ၊ မှတ်ပုံတင်(နိုင်ငံကူလက်မှတ် နှင့် နိုင်ငံခြားသား မှတ်ပုံတင်ကဒ်)၊ ဘဏ်စာအုပ် မိတ္တူ

## 3. လျှောက်ထားရမည့် နည်းလမ်း

**(လျှောက်ထားနိုင်သည့် ပုဂ္ဂိုလ်** ၁လအတွင်း မိခင်နိုင်ငံသို့ ပြန်မည့် ပြည်ထွက်ခွင့်ကာလ ပြည့်မှီခြင်း အာမခံရှိသော နိုင်ငံခြားလုပ်သား

**လျှောက်ထားရမည့် အချိန်နှင့် နည်းလမ်း** မိခင်နိုင်ငံသို့ မပြန်မှီ ၁လအလိုမှ စတင်ကာ ပြန်မည့်နေ့ မတိုင်ခင် ၁ရက် အလို နေ့အထိ တွက်ချက်ထားသော အာမခံကြေးအား လျှောက်ထားတောင်းဆိုနိုင်သည်။

- ဆမ်ဆောင်း အာမခံကုမ္ပဏီပေါင်းချုပ် သို့မဟုတ် အခြားသော အာမခံကုမ္ပဏီ ၅ခု(ဆမ်ဆောင်း၊ ဟယောင်းဒယ်၊ LIG၊ ဒုံဘူ၊ ဟန်းဟွာ)၏ ၁၆ခုသော အကူအညီပေးရေးစင်တာများတွင် လျှောက်ထားနိုင်သည်။
- အာမခံကြေးအား လျှောက်ထားစဉ် 「 နိုင်ငံခြားသို့ ငွေလွှဲခြင်း နည်းလမ်း」 အား ရွေးချယ်ကာ၊ အောက်ဖော် ပြပါနည်းလမ်း၃ခုအနက်မှ ၁ခုအား ရွေးချယ်ရမည်။

① မိမိ၏ နိုင်ငံတကာ ဘဏ်အကောင့်သို့ ငွေလွှဲခြင်း ② မြန်မာနိုင်ငံရှိ ဘဏ်သို့ တိုက်ရိုက် ငွေလွှဲခြင်း
③ အခြားသော အပြည်ပြည်ဆိုင်ရာ ဘဏ်ကောင့်သို့ ငွေလွှဲခြင်း

## 4. လုပ်ငန်းဆောင်တာ အဆင့်ဆင့်

**မိခင်နိုင်ငံတွင် ငွေထုတ်ယူခြင်း**

| အလုပ်ထွက်ခြင်း၊ရွှေ့ပြောင်းခြင်း ၊ မိခင်နိုင်ငံသို့ပြန်မည်ဖြစ်ကြောင်းတိုင်ကြားခြင်း | → | အာမခံကြေး လျှောက်ထားခြင်း | → | လူဝင်မှုကြီးကြပ်ရေးမှ ပြည်ပသို့ ထွက်ခွာကြောင်း စစ်ဆေးသိရှိရသည်နှင့် တပြိုက်နက် ငွေလွှဲခြင်း | → |
|---|---|---|---|---|---|
| အလုပ်ရှင်၊ နိုင်ငံခြားလုပ်သား | | နိုင်ငံခြားလုပ်သား | | အာမခံကုမ္ပဏီ → ဘဏ် | |
| မိခင်နိုင်ငံ မပြန်မှီ ၁လမတိုင်ခင် | | မိခင်နိုင်ငံ မပြန်မှီ ၁လအတွင် | | မိခင်နိုင်ငံ မပြန်မှီ ၁~၂ရက်အတွင်း | |

| ပြည်ပသို့ ငွေလွှဲခြင်း | → | ငွေလက်ခံရရှိသော ဘဏ | → | အာမခံကြေး ရယူခြင်း | → |
|---|---|---|---|---|---|
| ငွေလွှဲဘဏ်မှ တဆင့် | | မိခင်နိုင်ငံရှိ ဘဏ | | နိုင်ငံခြားလုပ်သား | |
| ချက်ခြင်း | | ငွေလွှဲပြီး ၁~၂ရက်အတွင်း | | မိခင်နိုင်ငံ ပြန်ရောက်ပြီး ၁၄ရက်အတွင်း | |